السنّة النبوية وعلومها
www.sunnah.global

ငါကိုယ်တော်အား (မိအ်ရာဂ်ျ ကောင်းကင်ခရီး) ခေါ်ဆောင်သွားခြင်းခံရသည့်ညတွင် ငါကိုယ်တော်သည် (တမန်တော်) အီဗ်ရာဟီမ် (အလိုင်ဟိစ်စလာမ်) အား တွေ့ဆုံခဲ့သည်။ ထိုအခါ သူက ဤသို့ ပြောကြားခဲ့သည်။ အို - မုဟမ္မဒ်၊ အသင့်ရဲ့ အုမ္မသ်နောက်လိုက်သားများထံသို့ ကျွန်ုပ်၏ စလာမ်ကို ပို့ဆောင်ပါလေ။ ထို့ပြင် ၎င်းတို့အား ဂျန္နတ်သုခဘုံ၏ မြေဆီလွှာသည် အလွန်ကောင်းမွန်၍ ရေသည် အလွန်ချိုမြိန်ကြောင်း သတင်းကောင်းပါးလိုက်ပါ

အိဗ်နုမတ်စ်အူဒ် (ရသ္ဒိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ ငါကိုယ်တော်အား (မိအ်ရာဂ်ျ ကောင်းကင်ခရီး) ခေါ်ဆောင်သွားခြင်းခံရသည့်ညတွင် ငါကိုယ်တော်သည် (တမန်တော်) အီဗ်ရာဟီမ် (အလိုင်ဟိစ်စလာမ်) အား တွေ့ဆုံခဲ့သည်။ ထိုအခါ သူက ဤသို့ ပြောကြားခဲ့သည်။ အို -မုဟမ္မဒ်၊ အသင့်ရဲ့ အုမ္မသ်နောက်လိုက်သားများထံသို့ ကျွန်ုပ်၏ စလာမ်ကို ပို့ဆောင်ပါလေ။ ထို့ပြင် ၎င်းတို့အား ဂျန္နတ်သုခဘုံ၏ မြေဆီလွှာသည် အလွန်ကောင်းမွန်၍ ရေသည် အလွန်ချိုမြိန်ကြောင်း သတင်းကောင်းပါးလိုက်ပါ။ ဂျန္နတ်သည် ပြန့်ပြူးသော မြေပြန့်လွင်ပြင်ဖြစ်၍ ၎င်းတွင် စိုက်ထားသည့်အပင်များမှာ «سُبْحَانَ اللهِ وَالحَمْدُ لِلّٰهِ وَلاَ إِلَهَ إِلاَّ اللّٰهُ وَاللّٰهُ أَكْبَرُ» “ စွဗ်ဟာနလ္လာဟ်၊ ဝလဟမဒုလီလ္လာဟ်၊ ဝလာ အီလာဟာ အိလလ္လလ္လာဟ်၊ ဝလ္လာဟု အက်ဘရ် ” ဟူသော စကားတော်များပင်ဖြစ်၏။

[رواه الترمذي] [حسن بشواهده]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် အီဗ်ရာဟီမ် (အလိုင်ဟိစ်စလာမ်) အား အိစ်ရာအ်နှင့် မိအ်ရာဂ်ျခရီးစဉ်၏ ညတွင် တွေ့ဆုံခဲ့ကြောင်း မိန့်ကြားတော်မူခဲ့သည်။ ထိုအခါ အီဗ်ရာဟီမ် (အလိုင်ဟိစ်စလာမ်)က ကိုယ်တော့်အား ဤသို့ ပြောကြားခဲ့သည်။ "အို - မုဟမ္မဒ်၊ အသင့်ရဲ့ အုမ္မသ်နောက်လိုက်သားများထံသို့ ကျွန်ုပ်၏ စလာမ်ကို ပို့ဆောင်ပါလေ။ ထို့ပြင် ၎င်းတို့အား ဂျန္နတ်သုခဘုံ၏ မြေဆီလွှာသည် အလွန်ကောင်းမွန်၍ ရေသည် အလွန်ချိုမြိန်ပြီး ငန်ခြင်းမရှိကြောင်း၊ ထို့ပြင် ဂျန္နတ်သည် ကျယ်ဝန်းညီညာပြန့်ပြူးသော မြေပြင်ဖြစ်ပြီး သစ်ပင်ကင်းမဲ့နေသေးကြောင်း၊ ယင်း ဂျန္နသ်တွင် သစ်ပင်များ စိုက်ပျိုးခြင်းသည် စင်ကြယ်သော စကားတော်များဖြင့် ဖြစ်သည်။ ဤစင်ကြယ်သော စကားတော်များကို 'ဘာကိယာသွတ်စ် စွာလိဟာသ် ' (တည်မြဲသော ကောင်းမှုကုသိုလ်များ) ဟုလည်း ခေါ်ဆိုသည်။ ထိုစကားတော်များမှာ - «سُبْحَانَ اللهِ وَالحَمْدُ لِلّٰهِ وَلاَ إِلَـهَ إِلاَّ اللّٰـهُ وَاللّٰـهُ أَكْـبَرُ» ဖြစ်သည်။ မွတ်စ်လင်မ်တစ်ဦးသည် ဤစကားတော်များကို ထပ်တခါတလဲလဲ

ရွတ်ဆိုသည့်အခါတိုင်း သူ့အတွက် ဂျန္နတ်တွင် သစ်ပင်တစ်ပင် စိုက်ပျိုးပေးခြင်းခံရသည်။

https://sunnah.global/hadeeth/my/show/3791



